ပန်စုံကျေးရွာ

ဝိန်းဆာကျေးရွာအုပ်စု၊ သိန္နီမြို့နယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပန်စုံကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သိန္နီမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန်လ၊ ၂၀၁၈

မာတိကာ

စကားချီး

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ (၂) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား
နောက်ဆက်တွဲ (၃) - ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ခုနှစ်မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင် ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်စုံကျေးရွာ
သိန္နီမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

ပန်စုံကျေးရွာသည် လားရှိုး-သိန္နီ ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ရွာ၏အရှေ့ဘက်တွင် နမ့်ပန်ချောင်း၊အနောက်ဘက်တွင် တောင်ကုန်းတောင်တန်းများ၊ယာခင်းများ နှင့် တည်ရှိပါသည်။ မြောက်ဘက်တဲင် သိန္နီမြို့ရှိပြီး တောင်ဘက်တွင် ရေပူစစ်ဆေးရေးဂိတ်ရှိပါ သည်။

ပန်စုံရွာသည် တောင်ကုန်းပေါ်တွင်တည်ရှိပြီး ကွတ်ခိုင်မြို့အနီးမှ ဖြတ်သန်းသွားသော မြောက်ရင်စွန်းတန်းနှင့် ၁၆ မိုင်အကွာတွင်တည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တစ်နှစ်ပတ်လုံး အေးမြခြောက်သွေ့ပြီး သမမျှတသော ရာသီဥတုရှိပါသည်။ အပူဆုံးလတွင် ၃၅ဒီဂရီ စင်တီဂရိတ် ရှိပြီး အအေးဆုံးလတွင် ၈ဒီဂရီ စင်တီဂရိတ်ရှိပါသည်။ တခါတရံ ဓူလိုင်၊ သြဂုတ်လများတွင် မိုးများ၍ ရေကြီးတတ်သည်။

သဘာဝအရင်းအမြစ်များအနေဖြင့် ပန်စုံရွာအနီးတွင် ယာမြေအများစုရှိသော အနေအထား ဖြစ်ပါသည်။ မြေဆီခမ်းခြောက်သော မြေအမျိုးအစားဖြစ်သောကြောင့် ဓါတ်မြေဩ ထည့်သွင်း နိုင်မှသာ ကောင်းမွန်စွာ စိုက်ပျိုးနိုင်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ပန်စုံကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၈၀)စု၊ကျား(၃၄၇)ဦး၊ မ(၃၆၁) ဦး လူဦးရေ စုစုပေါင်း (၇၀၈)ဦး နေထိုင်လျက်ရှိပြီး တစ်အိမ်ထောင်စုလျင် ပျမ်းမျှလူဦးရေ (၄)ဦးရှိပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း၏ (၇၃%) အလုပ်လုပ်နိုင်သော သူများဖြစ်ပြီး (၂၇%)သည် အလုပ်လုပ် မလုပ်နိုင်သော လူများဖြစ်ကြပါသည်။ ဤကျေးရွာသည် အလုပ်လုပ်နိုင်သည့် လူဦးရေများသည့် အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပန်စုံကျေးရွာတွင် အရန်မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ အပျိုခေါင်း၊ လူပျိုခေါင်းအဖွဲ့များနှင့် ရပ်ရွာသာရေးနာရေးများ ဆောင်ရွက်လျက်ရှိပါသည်။ ဂေါပကအဖွဲ့ ချက်ပြုတ်ရေးလုပ်ငန်းများဆောင်ရွက်သောအဖွဲ့များလည်းရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိက ဝင်ငွေရသည့်လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အဓိက စိုက်ပျိုးသည့်သီးနှံမှာ ပြောင်း၊စပါး တို့ဖြစ်ပါသည်။ ကြက်သွန်ဖြူအနည်းငယ် စိုက်ပျိုးပါသည်။ စပါး တစ်ဧကလျင် ပျမ်းမျှ(၄)စောထွက်ပါသည်။ အခြားအသက်မွေးမှုအနေနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများသည် လယ်(၁၁.၅)ဧက ၊ယာ (၄၅)

ဧကရှိပါသည်။ ရွာရှိလူဦးရေ၏ (၁၈%)သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးကြပါသည်။ မြေယာမဲ့ (၁၉%)ရှိပါသည်။ ဤရွာတွင် ချမ်းသာသည့် လူဦးရေ (၂%) အလယ်အလတ်ရှိသော လူဦးရေ (၁၃%) ဆင်းရဲသော လူဦးရေ (၁၀%) ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ပန်စုံကျေးရွာတွင် အခြေခံအဆောက်အဦးများဖြစ်ကြသော ကိုယ်ထူကိုယ်ထ ဓမ္မာရုံ၊ စာကြည့်တိုက်နှင့် (NGO)မှ ပူးပေါင်းဆောင်ရွက်သော မူကြိုကျောင်းရှိသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာနေတောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀/-)နှုန်းဖြင့် ထုတ်ချီးမည့် အစီအစဉ်များ၊ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးသော မြစိမ်းရောင်ချေးငွေအစီအစဉ်များရှိပါသည်။

(င) ပညာရေး

ပန်စုံကျေးရွာတွင် စာသင်ကျောင်းများမရှိပါ။ သို့သော် မူကြိုကျောင်းရှိပါသည်။ မူလတန်းကျောင်းကို တစ်မိုင်ခရီးဖြင့် အ.မ.က (၃၂၃)တပ်ကျောင်းသို့ ပို့ဆောင်ရသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းကို (အ.ထ.က-၂)သို့ ၃ မိုင်ခရီးဖြင့် သွားရောက် ပညာသင်ကြားရပါသည်။

(စ) ကျန်းမာရေး

ပန်စုံကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း အုပ်စုဆေးခန်းမှာ ပိန်းဆာကျေးရွာတွင် ရှိပါသည်။ ကျန်းမာရေးဆေးခန်းမှ အာဟာရနှင့် ပတ်သက်သော အာဟာရမှုန့်များ၊ကျန်းမာရေးနှင့်ပတ်သက်သော ဆေးစိမ်ခြင်ထောင်များ၊ အဘိတ်မှုန့်များနှင့် လစဉ်အလိုက် ကာကွယ်ဆေး ထိုးနှံခြင်းများ စသော အထောက်အပံများနှင့် ဝန်ဆောင်မှုများရရှိပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဘေးပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက်ပေါင်းသတ်ဆေး၊ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုနှင့် ရွှေပြောင်းတောင်ယာများ လျော့ချနိုင်လျင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မည်ဟုယုံကြည်ပါသည်။

(ဇ) ကျား – မ ရေးရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစာပါဝင်မှုနှင့် ခေါင်းဆောင်မှုများ တွင် စွမ်းဆောင်ရည်များရှိသော်လည်း ခင်ပွန်းသည်များ၏ နေရာမပေးခြင်းကြောင့် အမျိုးသမီးများ၏စွမ်းဆောင်းရည်နှင့် ခေါင်းဆောင်မှုများတွင် နှောင့်နှေးခြင်းနှင့် လုပ်နိုင်စွမ်း အားနည်းရခြင်း ဖြစ်ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျောက်ကြမ်းလမ်းခင်းခြင်း	၁	Â				
၂	ရွာလယ်တံတားပြုပြင်ခြင်း	၂		Â			
၃	အဝီစိတွင်းတူးခြင်း	၃			Â		
၄	ကျေးရွာမူကြိုခြံစည်းရိုးခတ်ခြင်း	၄				Â	
၅	ကုန်ထုတ်လမ်း	၅					Â

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၃	၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၄	၁၆	၃၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၆	၂၇	၅၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၁	၃၇	၇၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၉	၂၆၈	၅၁၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၀	၂၁
စုစုပေါင်း		**၃၄၇**	**၃၆၁**	**၇၀၈**
စုစုပေါင်း အိမ်ထောင်စု		**၁၈၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။။

လေ့လာတွေ့ရှိချက်။။ ။။ပန်စုံကျေးရွာတွင် ကျား/မအချိုးညီမျှ၍ အလုပ်လုပ်နိုင်သည့် အရွယ်ရှိ
လူဦးရေအရေအတွက်သည် များကြောင်းတွေ့ရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ		သင့်	ရ	စိမ့်စမ်းရေ
ယာမြေ		သင့်	အနည်းအကျဉ်း	
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား- ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင် ကိုင်းကျွန်းမြေ၊စားကျက် မြေများမရှိပါ။ ရေရရှိမှုမှာ အဝီစိတွင်းရေမှ ရရှိသည်။ နွေရာသီတွင်တခါတရံ ရေခမ်းခြောက်မှုရှိခြင်း ကြောင့် ရေအခက်အခဲများ ကြုံတွေ့ရပါသည်။ကျေးရွာတွင် အများပိုင် အဝီစိတွင်းများ ရှိနေသော်လည်း ရွာလုံးကျွတ်သုံးစွဲနိုင်မှု မရှိသေးသည်ကို တွေ့ရပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်	မရှိ	လက်လှမ်းမမှီ
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	ခက်
ပျမ်းမျှအပူချိန် –	ပျမ်းမျှ မိုးရေချိန် –	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ပန်စုံကျေးရွာသည် တောင်ပေါ်ဒေသ ဖြစ်သောကြောင့် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါ။ တိရစ္ဆာန်မျိုးစိတ်များနှင့် ဆေးဘက်ဝင်အပင်များ အနည်းငယ်သာရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ဓမ္မစကူး	၁□ ၂□ ၃✓	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၂	မီးသတ်	၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	
၃	လူပျို/အပျို အဖွဲ့	၁□ ၂□ ၃✓	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၄		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၅		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၆		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ပန်စုံကျေးရွာတွင် ဘာသာရေးနှင့် ပတ်သက်သော ဝတ်ရွတ်အသင်းများ သာနာရေးလူမှုအသင်းများ လုံခြုံရေးနှင့် ပတ်သက်သော မီးသတ်အသင်းများရှိပါသည်။ ထိုအသင်းများရှိခြင်းကြောင့် ဝတ်ရွတ်ပြုင်ပွဲများ ဘာသာရေးနှင့် ဆိုင်သော ပွဲလမ်းသဘင်များ ဓမ္မစကူလ်းသင်တန်းများ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပြီး မီးသတ် အဖွဲ့ကလည်း ကျေးရွာလုံခြုံရေးအတွက်ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၁.၅			
အိမ်အခြေအနေ				
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	လက်လီ လက်ကား အရောင်းအဝယ်	စပါး/ပြောင်း	ပြောင်းအနှည်း အငယ်	လက်လုပ်လက်စား
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ပန်စုံကျေးရွာတွင် ကိုယ်ပိုင် မြေရှိသူနည်းပါးပါသည်။ အိမ်အများစုမှာ ဖြုန်းအုတ်ဖြင့် ဆောက်လုပ်ထားရှိပြီး အဆင်ပြေသော အိမ်ထောင်စုများနည်းပါးပါသည်။ အလွန်ပြေလည်သော အိမ်ထောင်စုများတွင် ကား၊ထော်လာကျီ၊ ပြောင်းကြိတ်စက်များရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃၅	၇၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၁၅	၈	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၁၈	၁၀	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၁၁	၆	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁	၁	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၈၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား) ။ ။ပန်စုံကျေးရွာတွင် နေထိုင်သူများသည် မြေယာပိုင်ဆိုင်မှုအနေဖြင့် မြေယာအပိုင်ရှိသူနည်းပါးပြီး မြေဌားလုပ်ကိုင်ရခြင်းများသာရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကော အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး		တင်း	၅	၈	၇	သင့်
ပြောင်း		စော	၂၀	၃၅	၃၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ပြောင်းများ

ကိုသာစိုက်ပျိုးကြသည်။ စပါး(၁) ဧကလျင် (၅၀)တင်းထွက်ရှိပြီး ပြောင်း(၁)ဧက ပျမ်းမျှလျှင် (၄)စောထွက်ရှိပါသည်။ အခြားသီးနှံများမှာ မြေနေရာပိုင်ဆိုင်မှုမရှိသောကြောင့် စိုက်ပျိုးရန်မလွယ်ကူပါ။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ		၄၂
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်		၄၀
ကြက်		၂၉၂
ဘဲ		၄
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် အဆင်မပြေသော အိမ်ထောင်စုများ များသဖြင့် မွေးမြူရေးလုပ်ငန်းအနည်းငယ်သာရှိသည်။ ဝက်နှင့်ကြက်များကို အဓိကထားမွေးမြူပြီး ကျွဲနှင့် ဘဲများကို အနည်းငယ်မွေးမြူကြသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်

၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း		၁၅	၁	လတ်
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၅		၁	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၃		၁	လတ်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၅		၁	လတ်
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၁၅		၁	လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	၁		၁	လတ်
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပန်စုံကျေးရွာတွင်အသေးစားကျောက်ထုတ်လုပ်ငန်းရှိသည်။ စက်ချုပ်ဆိုင်နှင့် လက်လီလက်ကား ကုန်စုံဆိုင်များ၊ ဆံပင်ညှပ်ဆိုင် လေထိုးကျွတ်ဖာနှင့် ဆိုင်ကယ်ပြုပြင်ရေးဆိုင်များရှိသည်။ဆောက်လုပ်ရေးတွင်လက်သမားနှင့် ပန်းရံအလုပ်သမား၊ နေ့စားအလုပ်သမား အနည်းငယ်ရှိသည်။ပညာရေးဝန်ထမ်းများလည်း အနည်းငယ်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	သိန္နီဈေး	
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✓ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✓ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် ဈေးမရှိပါ။ အနီးစပ်ဆုံးဈေးမှာ (၁)မိုင်မှ (၅)မိုင် ရှိသည်။ ဆိုင်ကယ်၊ကား၊ထော်လာကျီနှင့် သွားရသောခရီးဖြစ်သည်။ ရွာတွင်းရှိဈေးဆိုင်များတွင် လိုအပ်သော ပစ္စည်းများကို ဝယ်ယူသုံးစွဲရပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ26

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁✓ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ✓	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐	၀–၁ မိုင် ☐ ၁–၅ မိုင် ✓ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅✓	ကောင်း☐ သင့် ✓ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ✓	၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ✓ ၁၀မိုင်အထက် ☐
ရွာချင်းဆက်လမ်း	၁✓ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ✓	၀–၁ မိုင် ☐ ၁–၅ မိုင် ✓ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိလမ်းများမှာ မြေလမ်းများဖြစ်သည်။ အချို့လမ်းများတွင် ကိုယ်ထူကိုယ်ထဖြန်းခင်းလမ်းဖြစ်သည်။ များအားဖြင့်တောင်ကျရေ၏ ရေစီးကြောင်းများကြောင့် ပျက်စီးမှုရှိပြီး သွားလာရန်ခက်ခဲသည်။ ချဉ်းကပ်လမ်းများရှိသော်လည်း မြေလမ်းများသာဖြစ်သည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) **ရေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ✓	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ✓	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် မြစ်ကြောင်း၊ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၅	၁၈၀		၁၀	၁၁		

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာ၏ အဓိက သယ်ယူပို့ဆောင်ရေးစနစ်များ ကား၊ထော်လာကျီ၊ဆိုင်ကယ်များကို အသုံးပြုသွားလာကြသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**29

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၃၇
ဆိုလာစနစ်	၁၅
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၃၆

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ ကျေးရွာသူ/သား အများစုမှာ မဟာဓါတ်အားလိုင်း အသုံးပြုသော်လည်း လူနည်းစုမှာ ဆိုလာမီးကိုသာအသုံးပြုသည်။ အချို့သော အိမ်ထောင်စုများမှာလည်း ဓါတ်အားလိုင်းကို အသုံးမပြုနိုင်သေးပါ။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၂၃	၁၂	၁၁၉

ရင်းမြစ်... **အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာ၏ ဆက်သွယ်ရေးဆိုင်ရာကို ဖုန်းများအသုံးပြုကြပြီး သတင်းအချက်အလက်များအတွက် ရေဒီယိုနှင့် တီဗွီကိုအသုံးပြုကြသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၁	၂၆	၅၇
အလယ်တန်း	၃၁	၂၆	၅၇
အထက်တန်း	၁၅	၂၄	၃၉
တက္ကသိုလ်/ကောလိပ်	၅	၁၂	၁၇

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းနေအရွယ်ကလေးများအားလုံးပညာသင်ကြားလျက်ရှိပါသည်။ အလယ်တန်းကျောင်းသားများတွင် ဉာဏ်ရည်မမှီသော ကလေးများနှင့် မိဘများ၏ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်ပေးသော ကလေးများအနည်းငယ်ရှိပါသည်။ အထက်တန်းကျောင်း တက်ရောက်သူများနည်းပါးပါသည်။ အထက်တန်း အောင်မြင်သူအများစုမှာ အဝေးသင်တက္ကသိုလ် တက်ရောက်ကြသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*			
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်□ ညံ့□	ကောင်း□ သင့်□ ညံ့□	ကောင်း□ သင့်□ ညံ့□
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည် □ မလုံလောက်ပါ □	လုံလောက်မှုရှိသည် □ မလုံလောက်ပါ □	လုံလောက်မှုရှိသည် □ မလုံလောက်ပါ □
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် □ ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် □ တိုက်ကျွေးမှု မရှိပါ □	တိုက်ကျွေးမှုရှိသည် □ တိုက်ကျွေးမှု မရှိပါ □	တိုက်ကျွေးမှုရှိသည် □ တိုက်ကျွေးမှု မရှိပါ □

အကြောင်းအရာ	(၁)			(၂)			(၃)		
၈။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်									
ကျေးရွာခန့်									

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

မှတ်ချက်။ ။ **ကျေးရွာတွင် စာသင်ကျောင်းမရှိပါက** (က၊ ခ၊ ဂ) **ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ** (**စတုရန်းပေ = အလျား × အနံ**) **သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ပန်စုံကျေးရွာတွင် (ထက်၊လယ်၊မူ) စာသင်ကျောင်းများမရှိပါ။ သို့သော် မူကြိုကျောင်းရှိသည်။ မူလတန်းကျောင်းကို (၁) မိုင်ခရီးဖြင့် အမက (၃၂၃)တပ်ကျောင်းသို့ ပို့ဆောင်ရသည်။ အလယ်တန်းနှင့် အထက်တန်းကို(အ.ထ.က-၂)သို့ ၃မိုင်ခရီးဖြင့် သွားရောက် ပညာသင်ကြားရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပုံနှုန်းမှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှော	*များ*☐	*နိမ့်*✓	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*များ*☐	*နိမ့်*✓	*မရှိ*☐
၃	ငှက်ဖျား	*များ*☐	*နိမ့်*✓	*မရှိ*☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*များ*☐	*နိမ့်*☐	*မရှိ*✓
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*များ*☐	*နိမ့်*☐	*မရှိ*✓
၆	တီဘီ	*များ*☐	*နိမ့်*✓	*မရှိ*☐
၇	ဆီးချို	*များ*☐	*နိမ့်*✓	*မရှိ*☐
၈	သွေးတိုး	*များ*✓	*နိမ့်*☐	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*များ*☐	*နိမ့်*☐	*မရှိ*✓
၁၀	အာဟာရ ချို့တဲ့မှု	*များ*☐	*နိမ့်*☐	*မရှိ*✓
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*များ*☐	*နိမ့်*☐	*မရှိ*✓

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ သွေးလွန်တုပ်ကွေး ရောဂါ၊ဝမ်းပျက်ဝမ်းပျက်ဝမ်းလျှောရောဂါအနည်းငယ်ဖြစ်ပွားပြီး သွေးတိုးရောဂါအများဆုံး ဖြစ်ပွားဖြစ်ပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) **လွန်ခဲ့သော** (၁၂) **လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	*ရှိ*	*မရှိ*
၁	အဆုတ်ရောဂါ	ရှိ	

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	
၅	ဝက်သက်ရောဂါ	ရှိ	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	ရှိ	
၈	အာဟာရ ပညာပေး အစီအစဉ်	ရှိ	

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆုတ်ရောဂါ၊ဆုံဆို့၊ကြက်ညှာ၊မေးခိုင်၊အသည်းရောင်၊ အသားဝါ၊ပိုလီယို၊ ဝက်သက်၊ ဂျပန်ဦးနှောက်အမြှေးပါးရောင်ရောဂါ၊ဘီပိုးကာကွယ်ဆေးများထိုးနှံ ပြီး၊ အာဟာရမှတ်တမ်းပြုစုခြင်း ၊ အာဟာရပညာပေးအစီအစဉ်များ ဆောင်ရွက်ခဲ့ပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ✓ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ✓
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ✓ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ✓ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ✓ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ✓ မရှိ ☐

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းများ မရှိသော်လည်း အုပ်စု ဆေးခန်းမှာ ပိန်းဆာကျေးရွာတွင်ရှိသည်။ ကျန်းမာရေးဆေးခန်းမှ အာဟာရနှင့် ပတ်သက်သော အာဟာရမှုန့်များ၊ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးစိမ်ခြင်ထောင်များ အဘိတ်မှုန့်များနှင့် လစဉ်အလိုက်ကာကွယ်ဆေးထိုးခြင်းများစသောအထောက်အပံ့များနှင့် ဝန်ဆောင်မှုများရရှိပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုတော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၃၄	ကောင်း□ သင့်✓ ညံ့□	
အဝီစိတွင်း/ စက်တပ်	၆၃	ကောင်း✓ သင့်□ ညံ့□	
အဝီစိတွင်း/ တုံကင်		ကောင်း□ သင့်□ ညံ့□	
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းေ ေ		ကောင်း□ သင့်□ ညံ့□	
ရေကန်		ကောင်း□ သင့်□ ညံ့□	
စိမ့်စမ်းရေ		ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် ရေတွင်း၊ အဝီစိတွင်းများရှိသော်လည်း နွေရာသီတွင် ရေတွင်းများ ခမ်းခြောက်ခြင်းကြောင့် ရေလုံလောက်မှုမရှိပါ။ သောက်သုံးရေ သုံးစွဲရာတွင် အဝီစိတါင်း မှ သောက်သုံးကြသော်လည်း တချို့မှာ တွင်းရေကို ကျိုချက်၍သောက်သည်။ အဝီစိတွင်း ဖြစ်သောကြောင့် ရေ၏အရည်အသွေးမှာ အသင့်အတင့်ရှိသည်ဟုထင်ရပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၈၀
ရေလောင်း/ယင်လုံအိမ်သာ	၉၁
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	၁၉

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာ နေထိုင်ကြသော ရွာသူရွာသားအများစုသည် ရေလောင်း ယင်လံအိမ်သာများကိုသာ သုံးစွဲကြသည်။ အချို့သော အိမ်ထောင်စုများမှာ သန့်ရှင်းသော ယင်လုံ အိမ်သာများကို သုံးစွဲကြပြီး အိမ်ထောင်စုအနည်းငယ်သာ ယင်လုံအိမ်သာ အသုံးမပြုသေးသည်ကို တွေ့ရှိရသည်။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ငှက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည့်	

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် တောင်ကုန်းတောင်တန်းများ

ဝန်းရံလျက်ရှိသောကြောင့် သဘာဝဘေးအန္တရာယ်များ နည်းပါးသော်လည်းမိုးရာသီတွင် တောင်ကျရေများ စီးဆင်မှုကြောင့် တောင်ကျရေ အန္တရာယ် အနည်းနယ်ရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	ရေတိုက်စားခြင်းကြောင့် မြေဆီလွှာပြုန်းတီးခြင်း
အပင်မျိုးစိတ်များ	လတ်	ပိုးသတ်ဆေးများ အသုံးပြုခြင်း
ရေအရင်းအမြစ်	လတ်	တွင်းရေ၊အဝီစိ အသုံးပြုခြင်း
ငါးမျိုးကွဲများ	နိမ့်	ပိုးသတ်ဆေးများကြောင့် ငါးများသေခြင်း
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	စာကျက်မြေများမရှိ၍ အစာရှားခြင်း

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ပန်စုံကျေးရွာတွင် နေထိုင်ကြသောတောင်သူလယ်သမားများ၏ လယ်ယာမြေများသည် နှစ်စဉ်နှစ်တိုင်းလုပ်ကိုင်နေခြင်းကြောင့်လည်းကောင်း၊ ရေတိုက်စားခြင်းကြောင့်လည်းကောင်း၊ မြေဆီလွှာများ ခမ်းခြောက်သောကြောင့် မြေဩဇာများများ အသုံးပြုပေးမှသာ အလယ်အလတ်ရှိသည်ကို တွေ့ရသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	**ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ**	**ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်**	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ✓	မရှိ □
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ✓	မရှိ □

ရင်းမြစ် (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုနှင့် ခေါင်းဆောင်မှုများတွင် စွမ်းဆောင်ရည်များရှိသော်လည်း ခင်ပွန်းသည်များ၏ နေရာမပေးခြင်းကြောင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ခေါင်းဆောင်မှုများတွင် နှောင့်နှေးခြင်းနှင့် လုပ်နိုင်စွမ်း အားနည်းရခြင်းဖြစ်ပါသည်။

နောက်ဆက်တွဲ (၂)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	မိုးရာသီတွင် ကျေးရွာတွင်းလမ်းများသွားလာရန်ခက်ခဲခြင်း	ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်နေခြင်း	- လုပ်သားအင်အားရှိခြင်း	- ရန်ပုံငွေလုံလောက်မှုမရှိခြင်း	- သက်ဆိုင်ရာဌာနအား တင်ပြတောင်းခံပြီး ကျေးရွာမှ ဝိုင်းဝန်းဆောင်ရွက်ခြင်း	- ကျေးရွာတွင်းလမ်း ကျောက်ခြောခင်းခြင်း
၂	ကျေးရွာလမ်းပေါ်တွင် ရေဝပ်ခြင်း	- ကျေးရွာလမ်းသည် မြေနိမ့်ပိုင်းတွင်ရှိနေခြင်း - တံတားမှာပျက်နေခြင်း	လုပ်သားအင်အားရှိခြင်း	- နည်းပညာနှင့် ငွေကြေးအခက်အခဲရှိခြင်း	- သက်ဆိုင်ရာဌာနအား တင်ပြတောင်းခံပြီး ကျေးရွာမှ ဝိုင်းဝန်းဆောင်ရွက်ခြင်း	- တံတားပြုပြင် တည်ဆောက်ခြင်း
၃	နွေရာသီရေမလုံလောက်ခြင်း	- တွင်းရေများခမ်းခြင်း	မြေနေရာရှိခြင်း	- ငွေကြေးအခက်အခဲရှိခြင်း	- သက်ဆိုင်ရာဌာနအား တင်ပြတောင်းခံပြီး ကျေးရွာမှ ဝိုင်းဝန်းဆောင်ရွက်ခြင်း	- အဝီစိတွင်းတူးဖော်ခြင်း
၄	ကလေးများအတွက် ယာဉ်အန္တရယ်စိုးရိမ်ရခြင်း	- ကျေးရွာမူကြို့မှာ စည်းရိုးမရှိခြင်း	လုပ်သားအင်အားပါဝင်နိုင်ခြင်း	- ငွေကြေးအခက်အခဲရှိခြင်း	သက်ဆိုင်ရာဌာနအား တင်ပြတောင်းခံပြီး ကျေးရွာမှ ဝိုင်းဝန်းဆောင်ရွက်ခြင်း	- ကျေးရွာမူကြို့ခြံစည်းရိုးတ်ခြင်း
၅	ကျေးရွာမှ လယ်ယာသို့ သွားသောလမ်းများမှာ ကျဉ်းမြောင်းခြင်း	မြေကွက်များအားစနစ်ကျစွာ ထားရှိခြင်းမရှိခြင်း	- ကျေးရွာရန်ပုံငွေရှိခြင်း - လုပ်သားအင်အားရှိခြင်း	- ရန်ပုံငွေလုံလောက်မှုမရှိခြင်း	- သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း	- ကျေးရွာကုန်ထုတ်လမ်း

နောက်ဆက်တွဲ(၃)

ပန်စုံကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဒေါ်နန်းမြသိန်း	ဦးကျော်	၁၃/သနန(နိုင်)၀၀၀၈၄၉	၆၂	ဥက္ကဋ္ဌ	၀၉-၄၀၄၆၉၂၁၅၀
၂။	မထက်ထက်အေး	ဦးညီမိန်း	၁၃/သနန(နိုင်)၀၄၂၅၃၃	၂၂	အတွင်းရေးမှူး	၀၉-၄၄၂၄၀၆၈၇၃
၃။	ဦးရွှေအေး	ဦးပန်းစိန်	၁၃/သနန(နိုင်)၀၃၀၉၈၅	၄၀	ဘဏ္ဍာရေးမှူး	၀၉-၄၂၄၃၃၈၄၉၈
၄။	ဒေါ်ခမ်းအိမ်	ဦးအိုက်လူ	၁၃/သနန(နိုင်)၀၃၃၈၅၈	၄၂	စာရင်းကိုင်	၀၉-၂၅၆၅၈၉၉၁၅
၅။	ဦးထက်အောင်မြင့်	ဦးတင်မျိုး	၉/ပဥလ(နိုင်)၀၅၈၀၄၃	၃၂	သော့ကိုင်	၀၉-၂၅၃၁၃၁၂၅၃
၆။	ဦးစံအောင်	ဦးပူလွယ်ရွတ်	၁၃/သနန(နိုင်)၀၂၉၅၅၈	၃၆	သော့ကိုင်	၀၉-၄၄၉၆၈၈၉၉၅
၇။	ဦးအောင်ဇင်	ဦးညွန့်ငွေ	၁၃/နမတ(နိုင်)၀၀၆၆၅၉	၄၆	အဖွဲ့ဝင်	၀၉-၂၅၅၂၄၄၈၁